## (၁) ပြောင်းရွက်ခြောက်ရောဂါ (Southern leaf blight)

**ရောဂါဖြစ်စေသောသက်ရှိ - *Helminthosporium maydis* Y. Nisik.**

**ရောဂါလက္ခဏာများ**

အရွက်ပေါ် တွင် အဝါရောင် အဝိုင်း သို့မဟုတ် ဘဲဥပုံ အစက်အပြောက်လေးများ ပေါ်လာသည်။ ဤအစက်အပြောက် များ သည် ကျယ်လာပြီး ဘဲဥပုံ (သို့) လုံးရှည်ကွက်ကြီးများဖြစ်လာကာ နီညိုရောင်အနားသတ်ရှိပြီး အလယ်ဗဟိုသည် ကောက်ရိုး အရောင် ဖြစ်လာသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

ရောဂါခံနိုင်ရည်ရှိသော စပ်မျိုးပြောင်းများကို ရွေးချယ်စိုက်ပျိုးပါ။

- သီးနှံအလှည့်ကျစိုက်ပါ။
- ရောဂါရပြောင်းဖူးခင်းမှ ပင်ကြွင်းပင်ကျန်နှင့် ပေါင်းမြက်များကို မီးရှို့ဖျက်ဆီးပါ။
- ရောဂါကျရောက်ပါက Mancozeb (မန်ကိုဇက်)၊ Propiconazole (ပရိုပီကိုနာဇိုး)၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Zineb ( ဇိနက်ဘ်)၊ Ziram (ဇိုင်ရမ်) စသော မှိုသတ်ဆေးများ ပက်ဖျန်းအသုံးပြုပါ။